# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 29, 2020 — Volume 35, Number 21


**၂၉.၉.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၇၈ US$ |
| မြန်မာ့ရွှေဈေး | = Nil |
| ဒေါ်လာဈေး | = ၁၃၂၂/- ကျပ် |
| CBM Rate | = ၁၃၀၈.၈ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၈.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၄.၈၀၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၈၄.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၉.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၁.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၇၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၁.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၄.၄၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၃၄၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


# နိုင်ငံတကာနှင့်ကုန်သွယ်ရေးမြှင့်တင်နိုင်ရန်ရည်ရွယ်၍ အွန်လိုင်းမှကုန်သည်အချင်းချင်း ချိတ်ဆက်ပေးသည့်စနစ်အား ကျင့်သုံးလျက်ရှိဟုဆို

COVID-19 ရောဂါကာကွယ်ရေးထိန်းချုပ်ရေးကာလအတွင်း နိုင်ငံတကာနှင့် ကုန်သွယ်ရေးမြှင့်တင်နိုင်ရန်ရည်ရွယ်၍ အွန်လိုင်းမှတဆင့် ကုန်သည်အချင်းချင်း ချိတ်ဆက်ပေးသည့် စနစ်အားကျင့်သုံးလျက်ရှိကြောင်း၊ ဆက်လက်၍ အွန်လိုင်း ကုန်စည်ပြပွဲများအားဆောင်ရွက်၍ ကုန်သွယ်ရေးအား မြှင့်တင်သွားရန်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ ဆင်ဟွာသို့ စက်တင်ဘာ ၂၉ ရက် တွင်ပြောသည်။ "အရင်က နိုင်ငံတကာကုန်စည်ပြပွဲတွေသွားရတယ်။ အဲဒီမှာ မြန်မာ့ထွက်ကုန်တွေကို ပြသခြင်းတွေ လုပ်ပြီး ကုန်သွယ်မှု မြှင့်တင်ခဲ့တယ်။ အခုကတော့ နိုင်ငံတကာပြပွဲတွေ သွားလို့မရတော့ တဲ့အတွက် အွန်လိုင်းကနေပြီးတော့ပဲ ချိတ်ဆက်ရတယ်။ ဩဂုတ်လမှာ ကျွန်မတို့ အွန်လိုင်းကနေ ကုန်စည်ပြပွဲလုပ်တယ်။ အဲဒီအခါမှာ ကုန်သည်အချင်းချင်းလည်း အွန်လိုင်းကနေချိတ်ဆက်ဆောင်ရွက်နိုင်တယ်။ အခုလည်းဆက်ပြီး အွန်လိုင်းစနစ်နဲ့ ချိတ်ဆက်မှုတွေ ဆောင်ရွက်နေတယ်'' ဟု ၎င်း ကဖြည့်စွက်ပြောကြားသည်။

ယခင်က ကုန်စည်ပြပွဲများအားကျင်းပ၍ ကုန်သွယ်မှုမြှင့်တင်ခဲ့ကြကြောင်း၊ ယခု အခါတွင် အွန်လိုင်းမှတင်၍ ဝယ်ယူခြင်း၊ ရောင်းချခြင်းများအား ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ "အထူးသဖြင့် တရုတ်နိုင်ငံနဲ့က အဓိက ကုန်သွယ်ဖက်ဖြစ်တဲ့အတွက် တရုတ်နိုင်ငံက ကုန်သွယ်တွေနဲ့လည်းချိတ်ဆက်ပြီး ဒါကို လာလေ့လာပါ။ အွန်လိုင်းကနေပဲ စီးပွားရေးနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ လုပ်တယ်။ ဝယ်ယူဖို့စိတ်ဝင်စားရင် ကုန်သည်တွေအချင်းချင်း စကားပြောလို့ရအောင် စီစဉ်ပေးတာ တွေရှိတယ်'' ဟု ၎င်းကဆက်ရှင်းပြသည်။

ထိုကဲ့သို့ အွန်လိုင်းမှ ချိတ်ဆက်ဆောင်ရွက်ခြင်းမှတဆင့် အရောင်းအဝယ် အော်ဒါ တင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ယခုအချိန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် အွန်လိုင်း ဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးအား အဓိကဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ယခင်က တရုတ်-မြန်မာ ကုန်စည်ပြပွဲများအား မူဆယ်မြို့၊ ရွှေလီမြို့တို့တွင် ကျင်းပ ပြုလုပ်လေ့ရှိကြောင်း ယခုနှစ်က COVID-19 ရောဂါဖြစ်ပွားသည့် ကာလဖြစ်သော ကြောင့် ဒီဇင်ဘာလတွင် အွန်လိုင်းကုန်စည်ပြပွဲ ပြုလုပ်ရန်စီစဉ်ထားကြောင်းဆိုသည်။

ကုန်သည်များအနေဖြင့်လည်း လက်ရှိတွင်စိတ်ဝင်တစားပါဝင်လာကြကြောင်း၊ နည်းပညာပိုင်းဆိုင်ရာတွင် ဆက်လက်ကြိုးစားရန်လိုအပ်ကြောင်း၊ မျက်စိနှင့် ကြည့်သည့် အခါ ကိုယ့်ထုတ်ကုန်နှင့်ပတ်သက်၍ ဓာတ်ပုံကောင်းကောင်းရိုက်၍ ပြသထားခြင်း

ကိုလည်းပြင်ဆင်ထားသင့်ကြောင်း ၎င်းကဆိုသည်။

**Source:** https://www.facebook.com/XinhuaMyanmar/

## မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တန်ချိန် ၂ ဒသမ ၅၃ သန်းကျော်တင်ပို့ထား ၊ လျာထားချက်ကျော်လွန်



မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှုသည် ယခုဘဏ္ဍာနှစ်အတွင်း ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၁ ရက်အထိ စုစုပေါင်း တန်ချိန် ၂ ဒသမ ၅၃ သန်းကျော်တင်ပို့ထားပြီး လျာထားချက်ထက် ကျော်လွန် သွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) အမှုဆောင် အရာရှိချုပ် ဦးမြင့်လွင်က ဆင်ဟွာသို့ ယနေ့တွင်ပြောကြားခဲ့သည်။ "လက်ရှိအတိုင်းက လျာထားချက်ကို ကျော်လွန်သွားပါပြီ။ ကနဦး နှစ်အစလျာထားချက်မှာ ၂ ဒသမ ၅ သန်းပေါ့။ နောက်ကြတော့ COVID-19 ဖြစ်လာတဲ့ အခြေအနေနဲ့ ၂ ဒသမ ၄ သန်းအထိ အဲလောက်ပဲ ပြန်ပြီးတော့မျှော်မှန်းတာပေါ့။ သို့သော်လည်းပဲ တင်ပို့နိုင်မှုအခြေအနေက COVID-19 ဖြစ်သော်လည်းပဲ ဆက်လက်ပြီးတော့ နိုင်ငံတော်အနေနဲ့ရော ကျွန်တော်တို့အသင်းချုပ်အနေနဲ့ရော Exporter တွေ ကြိုးစားမှုအနေအထားနဲ့ ၂ ဒသမ ၅ သန်းကျော်အထိ ဆက်ပြီး တင်ပို့သွားနိုင်တဲ့ အနေအထားပါ။"ဟု ၎င်းကပြောကြားခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၁ ရက်အထိ ဆန်တန်ချိန်မှုတင်ပို့မှုသည် နိုင်ငံပေါင်း ၆၆ နိုင်ငံသို့ မက်ထရစ်တန်ပေါင်း ၁ ဒသမ ၅၈ သန်းတန်နှင့် ဆန်ကွဲတင်ပို့မှုသည် နိုင်ငံပေါင်း ၆၀ နိုင်ငံသို့ မက်ထရစ်တန်ပေါင်း ၉၄၇,၉၃၃ တန် တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေစုစုပေါင်း အမေရိကန် ဒေါ်လာ ၇၇၄ ဒသမ ၈၉ သန်း ရရှိခဲ့ကြောင်းသိရသည်။

"COVID-19 ပထမ စဖြစ်တဲ့ကာလပေါ့။ မတ် ၂၃ ရက် ကြေညာပြီးနောက်ပိုင်းမှာ ကျွန်တော်တို့ ခဏတန့်သွားတယ်။ ဧပြီလ တစ်လလုံးဆိုရင် အတော်လေးကို ရပ်ဆိုင်းထားရတဲ့ အနေအထားဖြစ်တယ်။ နောက်တော့ နိုင်ငံတော်အစိုးရရဲ့ ကျွန်တော်တို့ အသင်းအဖွဲ့တွေနဲ့ ကျွန်တော်တို့အသင်းနဲ့ ညှိနှိုင်းဆွေးနွေးပြီးတော့ COVID-19 ကိုလည်း အန္တရာယ်မရှိအောင် ၊ Export ကိစ္စရပ်ပေါ့ ဒါလည်းရပ်ထားလို့ မရတဲ့အတွက် ခွင့်ပြုနိုင်အောင်ဆိုပြီးတော့ ကျွန်တော်တို့စီစဉ်ခဲ့ပါတယ်။ အဓိက အစီအစဉ်အနေနဲ့တော့ အရန်ဆန်ပေးသွင်းပြီးတော့ Export လုပ်တဲ့စနစ်လေး ကျွန်တော်တို့ဆောင်ရွက်လိုက်နိုင်တယ်။ အဲလို လိုက်နိုင်တဲ့အတွက်ကြောင့် Exporter တွေအနေနဲ့ကလည်း အရန်ဆန်တွေသွင်းတယ်။ Export တွေကိုလည်း ဆက်တိုက် လုပ်တယ်။ လုပ်လိုက်တဲ့အတွက် Export က မလျော့သွားဘဲနဲ့ ဒီနှစ်က မျှော်မှန်းတဲ့အတိုင်းဖြစ်သွားပါတယ်။ အရန်ဆန်လည်း နိုင်ငံတော်အနေနဲ့ တန်ချိန် ၅ သောင်းကျော်ရတယ်။ ဒီလိုမျိုးအနေအထားပါ။"ဟု MRF အမှုဆောင်အရာရှိချုပ် ဦးမြင့်လွင်က ထည့်သွင်းပြောကြားခဲ့သည်။

ထို့အတူ ပြည်ပသို့ ဆန်တင်ပို့မှုအခြေအနေများတွင် ဩဂုတ်လကုန်ထိ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၃ သိန်းခန့် ပို၍တင်ပို့ထားနိုင်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော် ပိုမိုရှိထားကြောင်း ၎င်းက ထည့်သွင်းပြောကြား ခဲ့သည်။

ပြည်ပသို့ဆန်တင်ပို့မှုများတွင် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ မက်ထရစ်တန်ပေါင်း ၄၁၃,၄၉၀ တန်တင်ပို့ခဲ့ပြီး ပို့ကုန် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၁ ဒသမ ၄ သန်း ရရှိခဲ့ကြောင်း ၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းကြောင်းမှ မက်ထရစ် တန်ပေါင်း ၂ ဒသမ ၁ သန်းတန် တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ ၆၅၃ ဒသမ ၄ သန်းရရှိခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံမှ ယခုဘဏ္ဍာနှစ် စက်တင်ဘာ ၁၁ ရက်အထိ ဆန်အများဆုံးတင်ပို့ထားသည့်နိုင်ငံများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ၊ မလေးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ပါဝင်ပြီး ဆန်ကွဲအများဆုံးတင်ပို့သည့် နိုင်ငံများတွင် ဘယ်လ်ဂျီယံနိုင်ငံ တရုတ်နိုင်ငံနှင့် ဆီနီဂေါနိုင်ငံတို့ပါဝင်ကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/statistics/covid-19/covid-19-mm/29707-2020-09-29-07-02-21?fbclid= IwAR1Ke18-8WLmjiSo1BhBC4tZVYM3VFHUy5sseTDpo20UpGAymBjFjxViOPE

## ကပ်ရောဂါတားဆီးထိန်းချုပ်ရေးလုပ်ငန်းများကြောင့် နယ်စပ်သွင်းကုန်များ လျော့နည်းလာဟုဆို



COVID-19 ကပ်ရောဂါတားဆီးထိန်းချုပ်ရေး လုပ်ငန်းများကြောင့် နယ်စပ်မှ ကုန်စည်တင်သွင်းရေးလုပ်ငန်းများ အခက်အခဲဖြစ်လာပြီး သွင်းကုန်များ လျော့နည်းလာကြောင်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း လုပ်ကိုင်သူအချို့ကပြောသည်။

စီးပွားရေးမြို့တော်ရန်ကုန်တွင် ကန့်သတ်ချက်များတိုးမြှင့် ဆောင်ရွက်နေသကဲ့သို့ အခြားသော နယ်မြို့များတွင်လည်း ကျန်းမာရေးစစ်ဆေးမှုများ တိုးမြှင့်လုပ်ဆောင်နေခြင်းကြောင့် ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာရန် အခက်ကြုံလာပြီး ပြည်ပသွင်းကုန်လုပ်ငန်းလုပ်ကိုင်သူများကို အခက်အခဲဖြစ်စေသည်။

လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအပါအဝင် ရန်ကုန်၊ မန္တလေးဈေးကွက်သို့ အဓိကထား တင်သွင်းနေသော တရုတ်နိုင်ငံထုတ် ကုန်စည်များမှာ ယခုရက်ပိုင်းတွင် မြန်မာနိုင်ငံသို့ တင်ပို့မှုများစွာ လျော့နည်းသွားသည်။ “ပြည်တွင်းကို ပို့မယ့်ကုန်က မရှိသလောက်ပဲ။ အတော်နည်းတယ်”ဟု မူဆယ်အဝေးပြေးကုန် စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌဦးဝင်းအောင်ခန့်ကပြောသည်။ ထို့အတူ ထိုင်းနိုင်ငံမှ ကုန်စည်များကို မြဝတီမှရန်ကုန်အပါအဝင် အခြားမြို့များသို့ တင်ပို့ရာတွင်လည်း မြို့တစ်မြို့ချင်းစီ၏ ကျန်းမာရေးစည်းကမ်းသတ်မှတ်ချက်များ မတူညီမှုကြောင့် အခက်အခဲဖြစ်ပြီး ကုန်စည်စီးဆင်းမှုနှေးကွေးနေကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မြဝတီနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်ကပြောသည်။

မြန်မာနိုင်ငံသည် တရုတ်၊ ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ၁၈ ခုဖွင့်လှစ်ထားသည်။ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း အများဆုံးက ထိုင်းနှင့်တရုတ်နိုင်ငံတို့ဖြစ်သည်။ ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းရှစ်ခုဖွင့်လှစ်ထားပြီး တရုတ်နိုင်ငံနှင့်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းလေးခုဖွင့်လှစ်ထားသည်။

မြန်မာ-တရုတ်နယ်စပ် ရွှေလီမြို့မှတစ်ဆင့် တရုတ်နိုင်ငံထုတ် ကုန်စည်များတင်သွင်းမှုက တစ်ရက်လျှင်ပျမ်းမျှ ဒေါ်လာငါးသန်းကျော်သည်။ ထို့အတူ မြန်မာ-ထိုင်းနယ်စပ် မြဝတီမှတစ်ဆင့် ပြည်တွင်းသို့ကုန်စည်တင်သွင်းမှုက တစ်ရက်လျှင် ဒေါ်လာနှစ်သန်းကျော်ရှိခဲ့သည်။ သို့သော် လက်ရှိအချိန်တွင် ကုန်စည်တင်သွင်းမှုများစွာ လျော့နည်းသည်ဟု ကုန်သည်များကပြောသည်။ ရန်ကုန်တွင် ပြည်ပသွင်းကုန်ပစ္စည်းများရောင်းချရန် ဈေးကွက်များစွာ လျော့နည်းသွားခြင်းက ကုန်စည်တင်သွင်းမှုလုပ်ငန်းများ လျော့နည်းစေသည်ဟု မင်္ဂလာဈေးမှ လူသုံးကုန်ပစ္စည်း တင်သွင်းနေသည့် လုပ်ငန်းရှင်တစ်ဦးကပြောသည်။

**Source:** https://7day.news/detail?id=200344

## စားသောက်ကုန်တင်သွင်းရာတွင် စိစစ်မှုလုပ်ငန်းစဉ်အချို့ဖြေလျှော့

ပြည်ပမှစားသောက်ကုန်တင်သွင်းရာတွင် စိစစ်မှုလုပ်ငန်းစဉ်အချို့ကို ဖြေလျှော့လိုက်ကြောင်း အကောက်ခွန်ဦးစီးဌာနက စက်တင်ဘာ ၂၈ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။ တင်သွင်းသူများ (သို့မဟုတ်)ကိုယ်စားလှယ်များက ကုန်ပစ္စည်းထုတ်ယူရာတွင် ကုန်လှောင်ရုံ၌ အကောက်ခွန်ဦးစီးဌာနက Customs Seal ပိတ်ပေးရန် ကြိုတင်လျှောက်ထားခြင်း၊ အကောက်ခွန်အရာရှိက လိုက်လံ၍ Customs Seal ခတ်နှိပ်ခြင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ အတည်ပြုချက်ရယူပြီးပါက Seal ပယ်ဖျက်ပေးခြင်းစသည့် လုပငန်းစဉ်များရှိတော့မည်မဟုတ်ပေ။ သို့သော် ကုန်တင်သွင်းမှုနှင့် ဆက်စပ်၍ သွင်းကုန်ကြေညာလွှာတင်သွင်းမည်ဆိုပါက ယခင်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်၌ပါရှိသော ကြေညာလွှာဖောင်တွင် ပုံမှန်ဖြည့်စွက်မှုပါရှိရမည်ဖြစ်သည်။

ကုန်ပစ္စည်း ထုတ်ယူသွားပြီးနောက်ပိုင်း FDA ၏ ဓာတ်ခွဲစစ်ဆေးမှုအတွက် လိုအပ်သည့်နမူနာပစ္စည်းကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်ထားသောအရေအတွက်အတိုင်း မပျက်မကွက်ထုတ်ယူ၍ နှစ်ပတ်

အတွင်း FDA သို့တင်ပြရန် ကြေညာချက်တွင်ပါရှိသည်။ ထို့အပြင် FDA ၏ ခွင့်ပြုချက်ရမှသာ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရမည်ဖြစ်ကာ ယင်းမတိုင်မီ တင်သွင်းသူကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပြီး ဖောက်ဖျက်ပါက FDA က ပြင်းထန်စွာ အရေးယူမည်ဟု ညွှန်ကြားရေးမှူးဒေါက်တာဥမ္မာစိုးဝင်းကဆိုသည်။ ‘‘FDA အနေနဲ့က တင်သွင်းလာတဲ့ ကုန်ပစ္စည်း စစ်ဆေးမှုကိုတော့ ပုံမှန်အတိုင်းပဲသွားမယ်။ တင်သွင်းတဲ့ကုန်ပစ္စည်းက ဈေးကွက်ထဲ ဘယ်လောက်ရှိနေတယ်ဆိုတဲ့ Data base ကလည်း ကျွန်မတို့ဆီမှာရှိပြီးသား။ ဒါကြောင့် FDA ခွင့်ပြုချက်မယူဘဲနဲ့တော့ ဈေးကွက်ထဲဖြန့်ရင် ရေးယူခံရမယ်’’ဟု ၎င်းက ပြောသည်။

အကောက်ခွန်ဦးစီးဌာန၏အဆိုအရ ဆိပ်ကမ်းများမှထုတ်ယူသွားသည့် စားသောက်ကုန်ပစ္စည်းစာရင်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို FDA သို့နေ့စဉ်ပေးပို့မည်ဖြစ်၍ ကုန်တင်သွင်းသူများ၏ ထုတ်ယူသွားသည့်ပစ္စည်းစာရင်းကို စဉ်ဆက်မပြတ်စောင့်ကြည့်စိစစ်နိုင်မည်ဟု အသိပေးသည်။

**Source:** https://7day.news/detail?id=200343

## တာချီလိတ်– မယ်ဆိုင် ကုန်သွယ်ရေး အကန့်အသတ်များ ပြန်ဖြေလျှော့ရန် သဘောတူမှုရ



ထိုင်း–မြန်မာ နယ်စပ်ကုန်သွယ်ရေးစခန်းတခုဖြစ်သည့် တာချီလိတ်–မယ်ဆိုင်ကုန်သွယ်ရေး အကန့်အသတ်များကို ပြန်လည်ဖြေလျှော့ရန် ၂ နိုင်ငံ သဘောတူညီမှုရရှိခဲ့ကြောင်းသိရသည်။ နှစ်နိုင်ငံမှ ကုန်သွယ်ရေးနှင့် အုပ်ချုပ်ရေးတာဝန်ရှိသူတို့က ပြီးခဲ့တဲ့ စက်တင်ဘာလ ၂၅ ရက်တွင် အလွတ်သဘော တွေ့ဆုံညှိနှိုင်းပြီးနောက် စက်တင်ဘာလ ၂၈ (ယနေ့) တွင် ထပ်မံဆွေးနွေးကာ သဘောတူညီချက်များရရှိခဲ့ကြောင်း တာချီလိတ် ကုန်သွယ်ရေး တာဝန်ခံညွှန်ကြားရေးမှူးဦးစိန်ဝင်းက ရောဝတီသို့ ပြောသည်။ “အကန့်အသတ်တွေလုပ်တာမှာ နှစ်ဖက်နားလည်မှု လွဲနေတဲ့ကိစ္စတွေ ပြန်လည်သွားတယ်။ ဒီဘက်ကလျှော့ချ ပေးဖို့ တောင်းဆိုတဲ့ တချို့အခွန်တွေက ထိုင်းအစိုးရက ကိုဗစ်စဖြစ်ကတည်းက လျှော့ချပေးထားပြီးပေ့ါ။ ဒါပေမယ့် အောက်ခြေမှာက ဒီအတိုင်း ကောက်နေတာမျိုးဖြစ်တာကို သူတို့စိစစ်ပေးမယ်လို့ပြောသွားတယ်” ဟုဆိုသည်။

ယင်းကြောင့် ထိုင်းနိုင်ငံဘက်သို့ ဝင်ရောက်ခွင့်ပြုထားသော ကုန်တင်မော်တော်ယာဉ်အရေအတွက် ၁၆၈ စီး (၁ ရက် ဝင်ရောက်ခွင့်ပြုသော အရေအတွက်) တွင် မြန်မာမှတ်ပုံတင်မော်တော်ယာဉ်သည်လည်း ပြန်လည်အကျုံးဝင်ပြီး ဖြတ်သန်းခွင့် ရရှိမည်ဖြစ်ကြောင်းသိရသည်။ ထိုနှစ်နိုင်ငံကုန်သွယ်ရေးကိစ္စနှင့်ပတ်သက်ပြီး ယနေ့ဆွေးနွေးခဲ့ကြသော သဘောတူညီချက်များကို ရှမ်းပြည်နယ် အစိုးရသို့တင်ပြပြီး ခွင့်ပြုညွှန်ကြားပါက စက်တင်ဘာလ ၂၉ ရက် သို့မဟုတ် စက်တင်ဘာလကုန်ပိုင်း၌ ပုံမှန်ကုန်သွယ်ရေး အခြေအနေနီးပါး ပြန်လည်ဖြစ်နိုင်မည်ဟု ညွှန်ကြားရေးမှူး ဦးစိန်ဝင်းကပြောသည်။

အကန့်အသတ်များနှင့် နှစ်နိုင်ငံကြား ဖြစ်ပေါ်နေသော အခက်အခဲများကို သဘောတူညီမှု ရရှိခဲ့သော်လည်း ကိုဗစ် ၁၉ ရောဂါ အခြေအနေများကြောင့် နယ်စပ်ကုန်သွယ်ရေးတွင် ယာဉ်မောင်းလဲလှယ်သည့် စနစ်ဖြင့်သာ နှစ်နိုင်ငံကုန်သွယ်ရေး လုပ်ငန်းများ ဆက်လက် လုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။ တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက “ကားတွေကို မကန့်သတ်တော့ဘဲ ပုံမှန်အတိုင်းသွားမယ်ပေ့ါ။ နောက်ဖြတ်သန်းခွင့် စလစ်ရက်လွန်ဒဏ်ကြေးတွေ မကောက်ဘဲနဲ့ ဒီအတိုင်း ပြန်လုပ်ပေးသွားမယ်။ နောက်တံတား ဖြတ်သန်းခွင့် စလစ်အတွက် ဘတ်သုံးလေးသောင်းကိုလည်း ဘတ်တသောင်းခွဲအထိ လျှော့ချပေးသွားမယ်ဆိုပြီး သဘောတူညီမှုတွေ ရခဲ့တယ်” ဟု ရောဝတီသို့ပြောသည်။


ယင်းပြင် အသီးအရွက်၊ သားငါးတင်ပို့မှုများအပေါ် ကောက်ခံနေသော အခွန်နှုန်းထားများကို လျှော့ချပေးသွားမည် ဖြစ်သလို အခွန်ဆောင်သည့် လုပ်ငန်းစဉ်များကိုလည်း ပိုပြီးအဆင်ပြေစွာလုပ်ဆောင်နိုင်ရန် ထိုင်းနိုင်ငံဘက်က ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ၎င်းကဆိုသည်။ စက်တင်ဘာ ၁၅ ရက်ကစတင်ပြီး နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံတွင် ကိုဗစ်ကူးစက်မှုမြင့်နေခြင်းကြောင့် ထိုင်းနိုင်ငံက ကုန်တင်ယာဉ်ဝင်ထွက်ခွင့်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံလိုင်စင်ဖြင့် မော်တော်ယာဉ် ၆ စီးသာ ဝင်ရောက်ခွင့်ပြုမည်ဟု နှစ်နိုင်ငံသဘော တူညီမှုမရှိသေးဘဲ တဖက်သတ်ကန့်သတ်လိုက်ခြင်းကြောင့်

မြန်မာနိုင်ငံဘက်ကလည်း ထိုင်းမော်တော်ယာဉ် ၆ စီးကိုသာ ပေးဝင်မည်ဖြစ်ကြောင်းတုံ့ပြန်ခဲ့သည်။ ယင်းအခြေအနေများကြောင့် စက်တင်ဘာ ၁၅ ရက်မှ ယနေ့ (စက်တင်ဘာ ၂၈ ) အထိ နှစ်နိုင်ငံ ကုန်သွယ်ရေးတွင် ကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ပြီး ကုန်တင်ယာဉ်များသာ သွားလာခွင့်ပြုသည့် မယ်ဆိုင်- တာချီလိတ် အမှတ်၂ တံတားတွင် ထိုင်းနိုင်ငံမှ မြန်မာသို့တင်ပို့မည့် စက်သုံးဆီတင် မော်တော်ယာဉ်များအပါအဝင် ကုန်တင်ယာဉ်အများအပြား ပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သည်။

တာချီလိတ်-မယ်ဆိုင်ကြား ပုံမှန်အချိန်ကာလတွင် ကုန်စည်ယာဉ်များ ဖြတ်သန်းမှုမှာ နေ့စဉ်အစီးရေ ၂၀၀ ခန့်ရှိပြီး ယခုတွင် ကုန်စည်ယာဉ်ဖြတ်သန်းမှုသည် အစီးရေ ၅၀ ခန့်သာရှိတော့ပြီး ကုန်သွယ်မှုပမာဏမှာ သုံးပုံတပုံခန့် လျော့ကျသွားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရသည်။

**Source:** https://burma.irrawaddy.com/news/2020/09/28/230649.html

## အစေ့ထုတ်ပြောင်းစိုက်ခင်းများ အဖူးရင့်ချိန်မိုးရွာသွန်းမှုများသဖြင့် ပျက်စီးမှုအနည်းငယ်ဖြစ်ပေါ်



ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ယခုနှစ်မိုးရာသီ၌ စိုက်ပျိုးသော အစေ့ထုတ်ပြောင်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်ကြသော်လည်း ပြောင်းဖူးရင့်ချိန် ချိုးခါနီးတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပြောင်းဖူးအတွင်း မိုးရေများဝင်ရောက်သဖြင့် ပျက်စီးမှုအနည်းငယ်ဖြစ်ပေါ်ကြောင်း လားရှိုးမြို့ ရပ်ကွက်(၁၂)မှ ကိုယ်တိုင်စိုက်ပျိုးလုပ်ကိုင်ပြီး အစာစပ်လုပ်ငန်းလုပ်ကိုင်သူ ဦးလောက်စန်းထံမှ သိရသည်။ "အစေ့ထုတ်ပြောင်းတွေကတော့ စတင်ချိုးယူနေပါပြီ။ ကျွန်တော်တို့မိသားစုက ကိုယ်တိုင်ပဲစိုက်ပျိုးတယ်။ ဝယ်လည်းဝယ်ပါတယ်။ အစာစပ်တဲ့အလုပ်ကို လုပ်ကိုင်ရတာဆိုတော့ ပေါက်ဈေးအတိုင်းဝယ်ရတာပေါ့။ ဒီနှစ်ပြောင်းရင့်တဲ့အချိန် မိုးရွာတာများတော့ ပြောင်းဖူးအစေ့တွေမှာ အမည်းစက်ကလေးတွေဖြစ်တာ၊ ထိပ်ရှုံ့တာလေးတွေရှိတယ်။ အရင်တုန်းကလိုတော့ ဈေးမရဘူး။ လက်ရှိ ပြောင်းတစ်ပိဿာငွေကျပ် ၄၀၀ ရှိပါတယ်" ဟု ပြောင်းစိုက်တောင်သူ ဦးလောက်စန်းကပြောသည်။

ပြောင်းစိုက်ပျိုးရာတွင် ထွက်ရှိသောပြောင်းများကို ပြည်တွင်း၌သာ ပြန်လည်ရောင်းချရသဖြင့် ဈေးကောင်းမရရှိကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးရေးအချိန်၌ မိုးရွာသွန်းမှုနောက်ကျသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင် ရာ တွင်နောက်ကျခဲ့ပြီး ပြောင်းဖူးရင့်ချိန်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အနည်းငယ်ပျက်စီးမှုများ ဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/2307

## ချင်းရွှေဟော်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ကုန်များတင်ပို့မည့် ကုန်တင်ယာဉ်များကို ဒေသခံများကန့်ကွက်မှုကြောင့် ကုန်စည်စီးဆင်းမှုနှောင့်နှေးနေ

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ကုန်များတင်သွင်းသည့် ကုန်တင်ယာဉ်များအား ဒေသခံများကန့်ကွက်မှုကြောင့် အကန့်အသတ်ဖြင့်သွားလာနေရခြင်းကြောင့် ကုန်သွယ်မှု နှောင့်နှေးကြန့်ကြာနေကြောင်းသိရသည်။

COVID-19 ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအတွက် လူဝင်လူထွက်ကို တင်းကျပ်စွာကန့်သတ်ထားသော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် COVID-19 ရောဂါ ကာကွယ်ရေးအရ စည်းကမ်းချက်များနှင့်အညီ စက်တင်ဘာ ၁၈ ရက်မှ စက်တင်ဘာ ၂၂ ရက်အထိ ယာယီပိတ်ထားခဲ့ရာမှ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းမှစတင်၍ ကုန်တင်ယာဉ်များ ပေးဝင်ခဲ့သော်လည်း ယင်းနေ့တွင်ပင် မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်မှ ပြည်သူများကကန့်ကွက်မှုကြောင့် ယခုအခါ ကုန်စည်စီးဆင်းမှုနှောင့်နှေးကြန့်ကြာနေကြောင်း ဒေသခံကုန်သည်တစ်ဦးကပြောကြားသည်။ "ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အာဏာပိုင်တွေက COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးကော်မတီကတစ်ဆင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကာကွယ်နိုင်ဖို့အတွက် စက်တင်ဘာ ၁၈ ရက်က ၂၂ ရက်အထိ အရင်ကသွားလာခွင့်ပြုထားတဲ့ ကုန်တင်ယာဉ်

တွေကို ဝင်ရောက်ခွင့်ယာယီပိတ်ထားလိုက်တယ်။ လူဝင်လူထွက် ကန့်သတ်ထားတယ်။ ဒီမှာက ကုန်ကားတန်းက အစီး ၂၀၀ နီးပါးလောက် တန်းစီစောင့်ဆိုင်းနေရတယ်။ ဒါကြောင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ခရီးစဉ်မှာတင်ပြခဲ့တယ်။ ဒေသရဲ့ ကုန်သွယ်မှုတုံ့ဆိုင်းနှောင့်နှေးကြန့်ကြာခြင်းမရှိအောင် စက်တင်ဘာ ၂၄ ရက်က သူတို့ပြန်ဖွင့်ခဲ့ပေမဲ့ ညနေပိုင်းမှာ မြို့ပေါ်ရပ်ကွက်ပြည်သူလူထုတောင်းဆိုမှုအရ ကားတွေအများကြီးဝင်လို့မရဘူး။ ယခုထိတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အာဏာပိုင်တွေက ဖြေလျှော့တာတွေမလုပ်သေးဘူး။ ဒါကြောင့် ကုန်စည်စီးဆင်းမှုက တုံ့ဆိုင်းနှောင့်နှေးကြန့်ကြာနေရတယ်။ ရှမ်းပြည်နယ်အစိုးရက ကုန်သွယ်မှုမပြတ်လပ်အောင်လုပ်ပေးမှ အောက်ခြေတောင်သူတွေ လိုအပ်ချက်တွေ ပြည်သူ လိုအပ်ချက်တွေ ကုန်ဈေးနှုန်းမကြီးမြင့်ဖို့ ဖြည့်ဆည်းနိုင်မှာပါ" ဟု ဒေသခံကုန်သည်တစ်ဦးကဆိုသည်။

ချင်းရွှေဟော် နယ်စပ်ဂိတ်တွင် တရုတ်ဘက်မှ ကုန်ကားများအား မပိတ်ထားသော်လည်း မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှဝင်ရောက်လာသည့် ကုန်တင်ယာဉ်မောင်းများတွင် COVID-19 ရောဂါပိုးပါလာပြီးပျံ့နှံ့သွားမည်ကို ဒေသခံများ စိုးရိမ်မှုကြောင့် စံပြရွာထိပ်တွင် COVID-19 ရောဂါပိုး ဆေးစစ်ပြီးသူ PPE ဝတ်စုံဝတ်ဆင်ထားသည့် ဒေသခံယာဉ်မောင်း ၅၀ က လဲလှယ်မောင်းနှင်ကာ ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ် နမ့်ဖာဟော်တံတားပေါ်အထိမောင်းပို့၍ ထိုမှတစ်ဆင့် တရုတ်နိုင်ငံသားယာဉ်မောင်းများဖြင့် ၎င်းတို့၏နိုင်ငံအတွင်းသို့ မြန်မာနိုင်ငံဘက်မှ ကုန်တင်ယာဉ်များအား ဆက်လက်မောင်းနှင်ပို့ဆောင်ပေးစေသည့် ယာဉ်မောင်းအစား ထိုးစနစ်ကြောင့် ကုန်စည်စီးဆင်းမှု တုံ့ဆိုင်းနှောင့်နှေး ကြန့်ကြာနေရခြင်းဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်မြို့မှတစ်ဆင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ နှမ်း၊ မြေပဲ၊ ပဲတီစိမ်းများ၊ ဆန်နှင့် ရော်ဘာစသည်တို့ တင်ပို့နေပြီး တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ သံထည်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများ၊ ဓာတ်မြေသြဇာများ တင်သွင်းလျက်ရှိကာ ယခင်က ပို့ကုန်တင်ပို့သည့်ယာဉ် ၂၀၀ ကျော်နှင့် သွင်းကုန်တင်သွင်းသည့်ယာဉ် ၁၀၀ ကျော် ဝင်ထွက်သွားလာလျက်ရှိခဲ့သော်လည်း စက်တင်ဘာ ၂၅ ရက်မှစတင်ကာ ပို့ကုန်တင်ပို့သည့်ယာဉ် ၅၀ နှင့် သွင်းကုန်တင်သွင်းသည့်ယာဉ် ၅၀ သာ ဝင်ထွက်သွားလာလျက်ရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/194271

## လားရှိုး-လောက်ကိုင်ပြေးဆွဲနေသောယာဉ်များ လောက်ကိုင်သို့ ဝင်ခွင့်မရခြင်းကြောင့် လောက်ကိုင်မြို့တွင် အခြေခံစားသောက်ကုန်များ ဈေးမြင့်တက်

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး-လောက်ကိုင်ပြေးဆွဲနေသောယာဉ်များ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်သို့ ဝင်ခွင့်မရတော့ခြင်းကြောင့် လောက်ကိုင်မြို့တွင် အခြေခံစားသောက်ကုန်များ ဈေးကြီးပေးဝယ်ယူ စားသောက်နေရကြောင်း ဒေသခံများထံမှသိရှိရသည်။

လားရှိုးမှ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်သို့ပြေးဆွဲနေသော ကုန်တင်ယာဉ်ကြီးများနှင့် အခြားယာဉ်များကို စက်တင်ဘာ ၁၈ ရက်မှစတင်၍ လောက်ကိုင်မြို့သို့ ဝင်ရောက်ခွင့်မရတော့ခြင်းကြောင့် တစ်ပတ်အတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်းသိရသည်။ "ပထမအနေနဲ့ စက်တင်ဘာ ၁၈ ရက်ကနေ စက်တင်ဘာ ၂၂ ရက်ထိ ကုန်ကားတွေရော လူစီးကားတွေရော အကုန်ယာယီပိတ်ထားတယ်။ ပြီးတော့ စက်တင် ဘာ ၂၇ ရက်ထိ ထပ်ပြီးတိုးတယ်။ ဒီနေ့ ၂၈ ရက်မှာလည်း ဘာမှညွှန်ကြားချက်မရလို့ ကားတွေမထွက်ရဘူးဖြစ်နေပါတယ်။ အခြေခံစားသောက်ကုန်လောက်တော့ ဝင်ခွင့် ပေးပါလို့ ပြောချင်ပါတယ်။''ဟု နယ်ပ်မန်ဂိတ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့သို့ ကုန်တင်ယာဉ်ကြီးများ ဝင်ရောက်ခွင့်မရခြင်းကြောင့် လောက်ကိုင်မြို့တွင်းသို့ တရုတ်ပြည်ဘက်မှ ကုန် ပစ္စည်းများကို ဈေးနှုန်း ထက်ဝက်ခန့် ဈေးမြှင့်တင် ရောင်းချမှုများ ရှိနေကြောင်း သိရသည်။ "ဒီမှာက လားရှိုးဘက်က ကုန်ပစ္စည်းတွေ မဝင်ရတာ တစ်ပတ် လောက် ပဲ ရှိသေးတယ်။ ဘာပစ္စည်းမှ ဝယ်လို့ မရလောက်အောင်ဖြစ်နေပါပြီ။ တရုတ်က ဝင်တဲ့ ပစ္စည်းတွေက ကျွန်မတို့အတွက် စားလို့ အဆင်မပြေဘူး။ လူတွေ မလာရလည်း ကုန်ပစ္စည်းတွေတော့ ဝင်ခွင့်ပေးပါလို့ တောင်းဆိုချင်ပါတယ်။''ဟု လောက်ကိုင်မြို့တွင် အလုပ်လုပ်ကိုင်နေသူ ဒေါ်ချစ်ပွင့်ကပြောသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် အခြေခံစားသောက်ကုန်ဖြစ်သော ဆီနှင့်ဆားမှအစ ရောင်းရန်မရှိတော့ကြောင်းနှင့် တရုတ်ပြည်မှ ဝင်ရောက်သော ကုန်ပစ္စည်းများမှာလည်း တရုတ်လူမျိုးများ အတွက် ဝယ်ယူစားသောက်ရန် ငွေကြေးအဆင်ပြေသော်လည်း၊ မြန်မာနိုင်ငံသား လက်လုပ်လက်စား အခြေခံလူတန်းစားများဝယ်ယူရန် အခက်ခဲဖြစ်နေရကြောင်း၊ ကိုဗစ်ကူးစက်မြန်ရောဂါဖြစ်ပွားမှုအတွက် စိုးရိမ်သည်မှန်သော်လည်း အခြေခံစားသောက်ကုန်ပစ္စည်းများအား ခွင့်ပြုပေးရန် ဒေသခံများအနေဖြင့် လိုလားနေကြောင်းသိရသည်။

**Source:** https://www.facebook.com/standardtimedaily/

## ပုသိမ်တွင် တစ်ပတ်အတွင်း ကြက်သွန်နီဈေးနှစ်ဆတက်

ဧရာဝတီတိုင်း ပုသိမ်မြို့ရှိဈေးများတွင်ကြက်သွန်နီဈေးနှုန်းမှာ တစ်ပတ်အတွင်း နှစ်ဆမြင့်တက်လာကြောင်း ကြက်သွန်နီကုန်စည်အရောင်းဒိုင်များထံမှသိရသည်။ စက်တင်ဘာတတိယပတ်က ကြက်သွန်နီ အလုံးကြီးတစ်ပိသာလျှင် ၆၀၀ ကျပ်ဈေးသာရှိခဲ့ရာမှ စက်တင်ဘာ ၂၈ ရက်နေ့တွင် တစ်ပိသာ ၁၂၀၀ ကျပ်အထိမြင့်တက်ခဲ့ပြီး ကြက်သွန်နီအသေးဈေးနှုန်းမှာလည်း တစ်ပိသာ ၅၀၀ ကျပ် မှ ၁၀၀၀ ကျပ်ဈေးအထိ မြင့်တက်လာခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံအနေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီတင်ပို့မှုမရှိတော့သည့်အတွက် ရခိုင်ဒေသမှကုန်သည်များက မြန်မာ့ကြက်သွန်နီကို ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့မှုများလာခြင်း၊ ရာပြည်တွင်းကြက်သွန်နီ ထွက်နှုန်းမကောင်းသေးခြင်း၊ လက်ကျန်ကုန်နည်းပါးနေခြင်းတို့ကြောင့် ရုတ်တရက်ဈေးတက်လာခြင်းဖြစ်ကြောင်း ပုသိမ်မြို့ ကုန်စည်ဒိုင်လုပ်ငန်းရှင်များထံမှသိရသည်။ “ကြက်သွန်ဥနီက အသစ်မထွက်သေးဘူး။ ဈေးထပ်တက်မယ်လို့ခန့်မှန်းရတယ်။ ပြည်တွင်း၊ ပြည်ပဝယ်လိုအားကို ဖြည့်ဖို့လိုနေရင် ဈေးတက်ဦးမှာပဲ၊ ပြည်ပဝယ်လိုအားနဲ့သွားရင် ကြက်သွန်နီတွေ လှိုင်လှိုင်ထွက်လာရင်တော့ ဈေးပြန်ကျမှာပါ။ ကိုဗစ်ကလည်းရှိနေတော့ တိုင်းအတွင်းကို တိုက်ရိုက်ကုန်ချလို့မရဘူး ကားချိန်းပြီးတင်ရတော့ ဝန်ဆောင်ခပိုများလာတာကြောင့်လည်းပါတယ်”ဟု ကြက်သွန်နီရောင်းဝယ်ရေးလုပ်သက် နှစ် ၂၀ အတွေ့အကြုံရှိသူ ကုန်သည်ဦးတင်သိန်းက သုံးသပ်ပြောဆိုသည်။

ကြက်သွန်နီသည် ဟင်းချက်ရာတွင် မသုံးမဖြစ်သုံးရသော အရေးပါသည့်စားဖိုဆောင်သုံးပစ္စည်းဖြစ်ကြောင်း၊ အစားထိုးအသုံးပြုနိုင်သည့် သီးနှံမရှိသေးကြောင်း အသက် ၅၀ ခန့်ရှိ အိမ်ရှင်မတစ်ဦးက ပြောကြားသည်။ “ကြက်သွန်နီက ဟင်းတစ်မယ်အတွက် အနံ့၊အနှစ်နဲ့အချိုဓာတ်ကိုပေးတယ်။ဆေးဘက်ဝင် သီးနှံလည်းဖြစ်တော့ ဟင်းချက်တဲ့အခါ ကြက်သွန်ကို ထည့်ချက်ကြတယ်။ကြက်သွန်မပါတဲ့ ဟင်းအမယ်က ရသတစ်မျိုးလိုနေမှာပါ” ဟု စားဖိုးမှူးတစ်ဦးဖြစ်သူ ဦးကျင်ငွေးကလည်း ပြောဆိုသည်။

ကြက်သွန်နီကို ဧရာဝတီတိုင်းအတွင်း စိုက်ပျိုးထုတ်လုပ်မှုမရှိသည့်အတွက် ပခုက္ကူ၊ မြစ်သား၊ဆိပ်ဖြူကဲ့သို့ အထက်မြန်မာပြည်ဒေသများမှ ကုန်စည်ဒိုင်များ၊ ရန်ကုန်မြို့ရှိ ဘုရင်နောင်ပွဲရုံ၊ကုန်စည်ဒိုင်များမှတစ်ဆင့် သယ်ယူရောင်းချရကြောင်း ပုသိမ်မြို့ရှိ ကုန်စည်ဒိုင်များထံမှသိရသည်။

**Source:** https://www.facebook.com/thevoicemyanmar.mm/

## ပဲဇီးကွက်၊ ပဲနီပြားနှင့်ထောပတ်ပဲ အရောင်းအဝယ်သွက်ကာ ဈေးအနည်းငယ်မြင့်တက်လာ



ပဲဇီးကွက်၊ ပဲနီပြားနှင့် ထောပတ်ပဲသည် ယခုတစ်ပတ်အတွင်း တရုတ်နိုင်ငံမှ ဝယ်ယူမှုများကြောင့် အရောင်းအဝယ်သွက်ကာ ဈေးအနည်းငယ်မြင့်တက်လာခဲ့သည်။ "လက်ရှိ ပဲဇီးကွက်အခြေနေကတော့ တောင်ပေါ်ကလည်း နည်းနည်းဝယ်ချင်တယ်။ မြို့ပေါ်ဝယ်လက်တွေကလည်း နည်းနည်းဝယ်လာတဲ့အတွက် ဈေးအနည်းငယ်မြင့်တက်နေတယ်။ ထောပတ်ပဲ၊ ပဲနီပြား ပြည်တွင်းသုံး ပဲလေးတွေလည်း ဈေးအနည်းငယ်တက်ပါတယ်။ အိမ်သုံးအတွက် ဝယ်တာလေးတွေရှိပါတယ်။ ကုန်စည်ဒိုင်ကလည်း ပိတ်ထားတဲ့အခါကျတော့ နယ်တွေကလည်း အဝင်နည်းသွားတော့ လက်ကျန်တွေဘဲ

ရောင်းကြတော့ အဲပဲလေးတွေက အနည်းငယ်ဈေးတက်တယ်လို့ ပြောလို့ရတယ်" ဟု မန္တလေး ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ဒုတိယဥက္ကဌ ဦးချွန်က ပြောကြားခဲ့သည်။

စက်တင်ဘာလ ၁ရက်နေ့က ပဲနီပြား(သစ်) ၅၅ပိသာလျှင် ၅၀၀၀၀ကျပ်မှ ၆၅၀၀၀ကျပ်ဝန်းကျင်၊ ပဲထောပတ် ၅၆.၂၅ ပိဿာလျှင် ၅၀၀၀၀ကျပ်မှ ၅၃၅၀၀ကျပ်ဝန်းကျင်၊ ပဲဇီးကွက် (သစ်) ၅၈.၂၅ပိဿာလျှင် ၅၆၀၀၀ကျပ် ဝန်းကျင်ရှိရာမှ စက်တင်ဘာလ ၂၅ရက်နေ့တွင် ပဲနီပြား ( သစ်) ၅၅ပိဿာလျှင် ၅၈၀၀၀ကျပ်မှ ၇၅၀၀၀ကျပ်ဝန်းကျင်၊ ပဲထောပတ် ၅၆.၂၅ ပိဿာလျှင် ၅၁၀၀၀ကျပ်မှ ၅၇၀၀၀ကျပ်ဝန်းကျင် ၊ ပဲဇီးကွက် (သစ်) ၅၈.၂၅ပိဿာလျှင် ၅၇၀၀၀ကျပ် ဝန်းကျင်ထိ ဈေးအနည်းငယ် မြင့်တက်လာသည် လို့ မန္တလေးကုန်စည်ဒိုင်မှ သိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/3433-peas-and-owls-red-bean-and-butter-beans-traded-slightly-higher.html

## အိန္ဒိယမှဝယ်လိုများတဲ့အတွက် မတ်ပဲဈေးနှုန်း အနည်းငယ်မြင့်တက်

အိန္ဒိယမှ ဝယ်လိုများတဲ့အတွက် မတ်ပဲ ဈေးနှုန်း အနည်းငယ် မြင့်တက်နေသည်လို့ မန္တလေး ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှသိရသည်။ "အိန္ဒိယလိုင်းကတော့ မတ်ပဲကို ပါမစ်လေးတိုးပေးတယ်။ လိုင်စင်လည်း ချပေးတဲ့အတွက် မတ်ပဲဈေးကတက်ပါတယ်။ လက်ကျန်နဲ့ သူတို့ဝယ်ထားတဲ့ တန်ချိန်နဲ့မလောက်ဘူး။ အဲဒါကြောင့် ဈေးတွေ အနည်းငယ်မြင့်တက်လာတာပါ။ မတ်ပဲက မြန်မာပြည်မှာ တစ်ကြိမ်ပေါ်ဘဲရှိတာလေ။ အခု စပါးပေါ်ပြီး မတ်ပဲစိုက်တာလေ။ မတ်ပဲက ဈေးကွက်ကောင်းနေတဲ့အခါကျ မတ်ပဲက အစိုက်များမယ့်သဘောရှိပါတယ်။ "ဟု မန္တလေး ကုန်စည်ဒိုင် ဒုတိယဥက္ကဌ ဦးချွန်က ပြောကြားခဲ့သည်။

မတ်ပဲက အများအားဖြင့် ဒီဇင်ဘာလဝန်းကျင်တွင်အသစ်ပေါ်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးစတဲ့ နေရာတွေမှာ အများဆုံးစိုက်ပျိုးကြသည်။ စက်တင်ဘာလ ၁ရက်နေ့က မတ်ပဲ ၆၀ ပိဿာလျှင် ၈၄၀၀၀ကျပ်မှ ၉၇၀၀၀ကျပ်ရှိရာမှ စက်တင်ဘာလ ၂၅ရက်နေ့တွင် မတ်ပဲ ၆၀ ပိဿာလျှင် ၁၀၀၀၀၀ကျပ်မှ ၁၁၀၀၀၀ကျပ်ဝန်းကျင်ထိ မြင့်တက်လာသည်ဟု မန္တလေးကုန်စည်ဒိုင်မှ ထပ်မံသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/3432-pulses-prices-rose-slightly-due-to-high-demand-from-india.html

## မိုးရာသီတွင် စိန်တလုံးသရက်ပျိုးပင်များ ရောင်းအားကောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်နှင့် အခြားဒေသများတွင် သရက်ပျိုးပင်များကို တွင်ကျယ်စွာ ရောင်းချလျက်ရှိရာ လက်ရှိကာလ မိုးရာသီတွင် စိန်တလုံးသရက်ပျိုးပင်များ ရောင်းအားကောင်းလျက်ရှိကြောင်းသိရသည်။ စိန်တလုံးသရက်ပျိုးပင် ရောင်းချရာတွင် အပင်သက်တမ်းအလိုက်ဈေးနှုန်းအမျိုးမျိုးရှိရာ သက်တမ်းနုသည့် စိန်တလုံးအပင်သေး တစ်ပင်လျှင် ငွေကျပ် ၃၀၀ မှ စတင်ကာ သက်တမ်းအလိုက် အပင်တစ်ပင်လျှင် ငွေကျပ် ၅၀၀၊ ၁၀၀၀၊ ၁၅၀၀ မှ ၂၅၀၀ အထိရှိသည်။ ကျပ် ၂၅၀၀တန် စိန်တလုံးသရက်ပျိုးပင်မှာ သုံးနှစ်သက်တမ်းရှိသည့် ပျိုးပင်များဖြစ်သည်။

ပျိုးပင်ရောင်းချသူအများစုမှာ သရက်မျိုးစုံကို အဓိကထားပျိုးကာ ရောင်းချကြသည်။ စိန်တလုံးပျိုးသူများမှာ နှစ်စဉ် ကဆုန်လမှစတင်ကာ စိန်တလုံးမှည့်ချိန်တွင် သရက်ခြံများအတွင်း ရှဉ့်ကိုက်၊ ငှက်ကိုက်သရက်သီးများကို ဝယ်ယူကာ သရက်စေ့စုဆောင်းပြီး ပျိုးထောင်ကြရသည်။ ပျိုးခြံများတွင် တစ်နှစ်ပတ်လုံး အပင်ပျိုးသူများကို ငှားရမ်းပျိုးထောင်ကြရပြီး ယခုနှစ်တွင် သရက်ပျိုးပင်များ ရောင်းအားကောင်းလျက်ရှိသည်။ မြန်မာနိုင်ငံအနှံ့ ကားများဖြင့်တင်ပို့ပေးနေရပြီး ပျိုးခြံအထိ လာရောက်ဝယ်ယူသူ များပြားလျက်ရှိကြောင်း ဖူးပွင့်ပျိုးပင်အရောင်းဆိုင်ပိုင်ရှင် ကိုဇော်မျိုးထွန်းထံမှသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ရန်ကုန်တိုင်းရှိ ယမကာလုပ်ငန်း ထက်ဝက်နီးပါး ကိုဗစ်ကြောင့် အပြီးပိတ်သိမ်းဖွယ်ဖြစ်လာ

ကိုဗစ်ပြန့်ပွားနေမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဖျော်ယမကာနှင့် သက်ဆိုင်သည့်လုပ်ငန်းများမှ ထက်ဝက်နီးပါး အပြီးပိတ်သိမ်းဖွယ်ဖြစ်လာကြောင်း မြန်မာနိုင်ငံ အဖျော်ယမကာကုန်သည်များအသင်းဥက္ကဋ္ဌ ဦးမျိုးမင်းအောင်က ပြောသည်။ လုပ်ငန်းပေါင်း ၄၀ ရာခိုင်နှုန်းခန့်မှာ ယစ်မျိုးလိုင်စင်ကြေး၊ အခွန်အခ၊ အခန်းငှားခ၊ ဝန်ထမ်းစရိတ်စသည့်အချက်များအပေါ် မပေးဆောင်နိုင်တော့သည့်အတွက် အပြီးပိတ်သိမ်းခြင်း၊ ဆိုင်ကို ပုတ်ပြတ်ရောင်းချခြင်းတို့ ပြုလုပ်နေကြသည်ဟု ၎င်းက ပြောသည်။

ကိုဗစ်ကူးစက်ရောဂါတားမြစ်ရန် အစိုးရ၏ထုတ်ပြန်ချက်များ၊ တားမြစ်ချက်များနှင့် ဒေသန္တရအမိန့်တို့ကြောင့် အဖျော်ယမကာဖြန့်ချိရောင်းချနေမှုများ ရပ်ဆိုင်းလိုက်ရသည့်အတွက် ရန်ကုန်တိုင်းအတွင်းရှိ လုပ်ငန်း ၉၉ ရာခိုင်နှုန်းခန့် လက်ရှိ ပိတ်ထားရသည်ဟုလည်း ၎င်းကဆိုသည်။ ''အဖျော်ယမကာဖြစ်တဲ့အတွက် အခွန်တွေ ၊ ဈေးတွေလျှော့ပေါ့ပေးဖို့ ပြောတာမဟုတ်ဘဲ ခံစားခွင့်လေးတွေ လျှော့ပေါ့ပေးစေချင်တယ်။ ယစ်မျိုးလိုင်စင်ဆို ဈေးများတဲ့အတွက် လေးကြိမ် ခွဲပေးခိုင်းတာမျိုးတွေ ဖြစ်စေချင်တယ် '' ဟု ဦးမျိုးမင်းအောင်ကဆိုသည်။

လက်ရှိအချိန်တွင် အဖျော်ယမကာလုပ်ငန်းများအနေဖြင့် အခွန် ၆၀ ရာခိုင်နှုန်းအထိပေးဆောင်နေရပြီး ယစ်မျိုးလိုင်စင်ကြေးမှာ ဈေးနှုန်းမြင့်မားကြောင်း ဈေးကွက်အတွင်း ဖော်ပြချက်များအရသိရသည်။ ရန်ကုန်တိုင်းအတွင်း၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ယစ်မျိုးလိုင်စင် ချထားပေးမှုမှာ အရှေ့ပိုင်းခရိုင်တွင် ၃၀၃၈ ခု၊ အနောက်ပိုင်းခရိုင်တွင် ၁၇၈၀ခု၊ တောင်ပိုင်းခရိုင်တွင် ၁၅၇၆ ခုနှင့် မြောက်ပိုင်းခရိုင်တွင် ၂၉၉၄ခု ရှိကာ စုစုပေါင်း ၉၃၈၈ ခု ဖြစ်ကြောင်း ယမန်နှစ် ရန်ကုန်တိုင်းလွှတ်တော်တွင် ရန်ကုန်တိုင်းလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားထားသည်။

အစိုးရသည် ၂၀၂၀ ခုနှစ်အတွင်း ယစ်မျိုးခွန်မှကျပ်သန်းပေါင်း ၁၂၈၉ ဒသမ ၇၁၉ အထိရရှိရန် မျှော်မှန်းထားသည်။ မြန်မာနိုင်ငံအဖျော်ယမကာ ကုန်သည်များအသင်းကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် အသင်းဖွဲ့စည်းထားပြီး မကြာမီ မော်လမြိုင်၊ ပဲခူး စသည့်ဖြင့် နိုင်ငံတဝှမ်းတွင် အသင်းများ ဖွဲ့စည်းရန် ပြင်ဆင်နေသည်ဟု အဆိုပါအသင်းကဆိုသည်။ ''Covid-19 ပထမနဲ့ဒုတိယလှိုင်းတွေကြားထဲမှာ ဖွင့်လိုက်ရတယ်။ သို့ပေမယ့် မျှော်လင့်ထားသလောက် အရောင်းအဝယ်မဖြစ်ခဲ့ဘူး။ ဒုတိယအကြိမ်ထပ်ဖြစ်တော့ အတော်လေးကို ဆိုးဝါးသွားပြီ '' ဟု ဦးမျိုးမင်းအောင်ကဆိုသည်။ ၂၀၁၉- ၂၀ ဘဏ္ဍာရေးနှစ်အတွင်း အဖျော်ယမကာလုပ်ငန်းများသည် ပြီးခဲ့သည့်ဧပြီလမှစတင်ကာ စက်တင်ဘာလအထိ ခြောက်လတိုင်ရပ်နားနေရသည့် အခြေအနေတွင်ရှိခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/144281.html

## COVID-19 ကြောင့်ထိခိုက်ရသည့် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် စတုတ္ထအကြိမ်မြောက် ဖြည့်စွက်ရန်ပုံငွေကို သမ္မတမွန်ဂျေအင်းက ထပ်မံခွင့်ပြုချထားပေးမှု

COVID-19 ကပ်ဘေးသက်ရောက်မှုကြောင့် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးကျဆင်းမှုကို ပြန်လည်တိုးတက်နိုင်စေရေး အတွက် ကိုရီးယားဝမ် (၇.၈) ထရီလီယံ (အမေရိကန် ဒေါ်လာ ၆.၅၇ ဘီလီယံ) ကို ၂၀၂၀ ပြည့်နှစ်အတွက် စတုတ္ထအကြိမ်မြောက် ဖြည့်စွက်ရန်ပုံငွေအဖြစ် ထပ်မံခွင့်ပြုချထားပေးရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက (၁၀-၉-၂၀၂၀) ရက်နေ့တွင် အိမ်ပြာတော်၌ ကျင်းပပြုလုပ်ခဲ့သည့် (၈)ကြိမ်မြောက် အရေးပေါ်စီးပွားရေးကောင်စီ အစည်းအဝေး($8^{th}$ Emergency Economic Council Meeting)၌ ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အစိုးရဆိုသည်မှာ တိုင်းသူပြည်သားများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည့် အားလျော်စွာ ကြီးလေးသောတာဝန်များနှင့်အတူ ပိုမိုကောင်းမွန်သည့် အစီအမံများကိုလည်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခု စတုတ္ထအကြိမ်မြောက် ဖြည့်စွက် ရန်ပုံငွေသည် COVID-19 ကာလတွင် ငွေကြေးထိခိုက်မှုအများဆုံးခံစားခဲ့ရသော စီးပွားရေးကဏ္ဍများနှင့်လုပ်ငန်းရှင်များ အထူးသဖြင့် အသေးစားလုပ်ငန်းရှင်များ၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၊ တစ်ကိုယ်တော်သီးသန့် လုပ်ငန်းများလုပ်ကိုင်သူ Freelancer များအတွက် အံဝင်ဂွင်ကျဖြစ်စေမည့် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဟု သမ္မတ မွန်ဂျေအင်းက ပြောကြားခဲ့ပါသည်။

ယခုထောက်ပံ့မည့် ဖြည့်စွက်ရန်ပုံငွေအစီအစဉ်၏ တစ်ဝက်တန်ဖိုးပမာဏရှိသော ကိုရီးယားဝမ် (၃.၈) ထရီလီယံကို ဦးစွာ ပြည်သူဦးရေ (၃.၇၇) သန်းအတွက် အကျိုးပြုထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ အဆိုပါပမာဏတွင် ကိုရီးယားဝမ်(၃.၂) ထရီလီယံသည် အသေးစားစီးပွားရေးလုပ်ငန်းများနှင့် ကိုယ်ပိုင်လုပ်ငန်းငယ်လုပ်ကိုင်သူများကို ထောက်ပံ့သွားမည်ဖြစ်ပြီး၊ တစ်ဦးလျှင် ကိုရီးယားဝမ်ငွေ(၂)သန်းအထိ ငွေသားဖြင့်လက်ခံရရှိမည်ဖြစ်ကြောင်း၊ Freelancer များ၏ အလုပ်အကိုင် အခွင့်အလမ်းများကို ကာကွယ်ပေးနိုင်ရန်အတွက် ကိုရီးယားဝမ် (၁.၄)ထရီလီယံ သုံးစွဲရန် လျာထားကြောင်း၊ အစိုးရအနေဖြင့် ပြည်သူများ၏ ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်များကို တတ်နိုင် သရွေ့ ဖြည့်ဆည်းပေးမည်ဖြစ်ရာ အထောက်အပံ့လိုအပ်လျက်ရှိသူ (၈၈၀,၀၀၀) ဦးတို့သည်လည်း ဤအစီအစဉ်တွင် အကျုံးဝင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကလေးစောင့်ရှောက်မှုဆိုင်ရာ ခွင့်ရက်ကာလ ကိုလည်း တိုးမြှင့်ပေးသွားမည်ဖြစ်ပြီး ကလေးစောင့်ရှောက်ရန်ပုံငွေရရှိသင့်သည့် အိမ်ထောင်စုအရေအတွက်ကိုလည်း တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် အစိုးရနှင့် အာဏာရ ကိုရီးယားဒီမိုကရက်တစ်ပါတီ (Democratic Party of Korea-DPK) တို့သည် အသက်(၁၃)နှစ်အထက် ကိုရီးယားလူမျိုးပြည်သူအားလုံးတို့အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွက် တယ်လီဖုန်း ဆက်သွယ်စရိတ် ကိုရီးယားဝမ် (၂၀၀၀၀) ကို ထောက်ပံ့ပေးသွားရန် (၉-၉-၂၀၂၀) ရက်နေ့တွင်ကျင်းပခဲ့သည့်အစည်းအဝေး၌ သဘောတူညီခဲ့ကြပြီးဖြစ်ကြောင်း၊ COVID-19 ဆိုင်ရာအခြေအနေအရ အစိုးရ၏ တင်းကျပ်သည့် Social Distancing ဆိုင်ရာကန့်သတ်မှု မူဝါဒများကို လိုက်နာရာတွင်ပြည်သူများအထီးကျန်ခံစားရခြင်းမျိုးမဖြစ်စေရေးနှင့်လိုအပ်သည့် ဆက်သွယ်မှုများ ဆောင်ရွက်နိုင်စေရန် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းသိရှိရပါသည်။

သို့ရာတွင် အတိုက်အခံပါတီများကမူ အစိုးရမှ အဆိုပါ တယ်လီဖုန်းဘီလ် ကိုရီးယားဝမ် (၂၀၀၀၀) ထောက်ပံ့ပေးမည့် ကိစ္စသည် တိုင်းပြည်၏ဘဏ္ဍာရေးတည်ငြိမ်မှုကို ပြည်သူများ၏ စိုးရိမ်မှုများ မြင့်တက်နေချိန်တွင် လူကြိုက်များ ထင်ပေါ်လို၍ ဆောင်ရွက်ခြင်းသာဖြစ်ပြီး၊ ဤငွေများသည် ဈေးကွက်အတွင်းသို့ ရောက်ရှိမည်မဟုတ်ဘဲ တယ်လီကွန်းကုမ္ပဏီများဆီကိုသာ ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ ဤသို့ထောက်ပံ့ပေးမှုသည် စီးပွားရေးနာလန်ထူမှုအပေါ် သိသာသည့်အကျိုးသက်ရောက်မှု ဖြစ်စေမည်မဟုတ်ဟု ဝေဖန်ခဲ့ကြကြောင်းသိရှိရပြီး၊ အစိုးရအနေဖြင့် နိုင်ငံနှင့်ပြည်သူများအတွက် တိုးတက်အောင်ဆောင်ရွက် နေခြင်းသာဖြစ်၍ ဝေဖန်မှုများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း တာဝန်ရှိသူများ၏ထုတ်ဖော်ပြောကြားချက်များအရ သိရှိရပါသည်။

**Source: The Korea Times**

**စီးပွားရေးသံမှုး-မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အီးယူနှင့်တရုတ် သမိုင်းဝင်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သဘောတူညီမှုရရှိ

ဥရောပ၏ ပထဝီဒေသအညွှန်း (Geographical Indications-GIs) ထုတ်ကုန်များအား တရုတ်နိုင်ငံတွင် အကာအကွယ် ပေးရေးနှင့် အပြန်အလှန်မှုအားဖြင့် ဥရောပစီးပွားရေးဒေသ၌ တရုတ်နိုင်ငံ၏ထွက်ကုန်များအား အသိအမှတ်ပြု အကာ အကွယ်ပေးခြင်းနှင့်စပ်လျဉ်း၍ အီးယူနှင့်တရုတ်နိုင်ငံတို့အကြား ကူးသန်းရောင်းဝယ်ရေးဆိုင်ရာသဘောတူညီမှုရရှိခဲ့ ကြကြောင်းသိရသည်။ ၁၄-၉-၂၀၂၀ ရက်နေ့တွင် အီးယူဘက်မှ ဥရောပကောင်စီဥက္ကဋ္ဌ Charles Michel၊ ဥရောပကော်မရှင် ဥက္ကဋ္ဌ Ursula von der Leyen နှင့် ဂျာမနီနိုင်ငံအကြီးအကဲဖြစ်သူ Angela Merkel တို့ ဦးဆောင်တက်ရောက်ခဲ့ပြီး၊ တရုတ်နိုင်ငံ ဘက်မှ သမ္မတရှီကျင်းဖျင်တက်ရာက်ခဲ့သည့် virtual summit တွင် ယင်းသဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။

သဘောတူညီချက်အရ အီးယူ၏ GIs ထုတ်ကုန်ပစ္စည်း (၁၀၀) နှင့် တရုတ်နိုင်ငံ၏ GIs ထွက်ကုန် (၁၀၀) တို့ကို အပြန်အလှန်အကာအကွယ်ပေးကြမည်ဖြစ်သည်။ အဆိုပါသဘောတူညီချက်အတွက် ညှိနှိုင်းဆွေးနွေးမှုများကို ၂၀၀၆ ခုနှစ် ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး၊ ၁၄ နှစ်ကြာပြီးနောက် သမိုင်းဝင်သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးပြီး ပါက ၂၀၂၁ ခုနှစ်၏ အစောပိုင်းကာလတွင် သဘောတူညီချက် စတင်အသက်ဝင်ရန် မျှော်လင့်ထားပြီး၊ နောက်ထပ် (၄) နှစ်အကြာတွင် နှစ်ဘက်စလုံးမှ GIs ထုတ်ကုန် (၁၇၅) မျိုးကို ထပ်မံတိုးချဲ့ ထည့်သွင်းသွားမည်ဖြစ်သည်။

၂၀၁၉ ခုနှစ်၊ ဥရောပကော်မရှင်၏ စာရင်းဇယားများအရ တရုတ်နိုင်ငံသည် အီးယူ၏ လယ်ယာထွက်ကုန်များတင်ပို့သည့်

တတိယအကြီးဆုံးဈေးကွက်ဖြစ်ပြီး၊ တန်ဖိုးအားဖြင့် အမေ ရိကန်ဒေါ်လာ ၁၇ ဘီလီယံ ရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မေလအထိကာလတွင် အီးယူမှ တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချမှုသည် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၃၈ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံသည် အီးယူ၏ GIs အကာအကွယ်ပြုထားသည့် ထုတ်ကုန်များ တင်ပို့သည့် ဒုတိယမြောက်ဈေးကွက်လည်းဖြစ်ပြီး ဝိုင်များ၊ လယ်ယာထွက်စားသောက်ကုန်များနှင့် အရက်များအပါဝင် တင်ပို့မှု တန်ဖိုး၏ ၉ ရာခိုင်နှုန်း ခန့်ရှိကြောင်းသိရသည်။ ယခုသဘောတူညီချက်ကြောင့် ဥရောပ၏ စားသုံးသူများအနေဖြင့်လည်း တရုတ်နိုင်ငံ၏ အထူးပြုထုတ်လုပ်သည့် စားသောက်ကုန်အစစ်အမှန်များကို စားသုံးနိုင်ကြမည်ဖြစ်သည်။ အီးယူသည် ထုတ်ကုန်အမည်ပေါင်း ၃၃၀၀ ကျော်ကို ပထဝီဒေသအညွှန်းထုတ်ကုန်အဖြစ် မှတ်ပုံတင်ထားပြီး၊ non-EU GIs အရေအတွက် ၁၂၅၀ ဝန်းကျင်ကိုလည်း နှစ်နိုင်ငံသဘော တူညီချက်များမှတစ်ဆင့် အီးယူအတွင်း အကာအကွယ်ပေးထားကြောင်းသိရသည်။

**Source: ဥရောပကော်မရှင်နှင့်** https://www.telesurenglish.net

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## အရည်အသွေးမီ မြန်မာ့ကော်ဖီများ ဂျပန်နိုင်ငံ၏ Muji ကုန်တိုက်များတွင်သာမက အင်တာနက်မှပါ စက်တင်ဘာ တတိယအပတ်မှ စတင်ရောင်းချပေးမည်ဖြစ်

မြန်မာနိုင်ငံတောင်ပိုင်း ရှမ်းပြည်နယ်ရှိ ကော်ဖီစိုက်ပျိုးသူ တောင်သူများ၏ဘဝ ရေရှည်တည်တံ့စေရေး ပံ့ပိုးဆောင်ရွက်မှုတစ်ခုအနေဖြင့် ဂျပန်နိုင်ငံတွင် လူသုံးကုန်နှင့်စားသောက်ကုန်များ လက်လီရောင်းချသည့် Muji ကုန်တိုက်က ရှမ်းပြည်နယ်မှ ထွက်ရှိသည့် မြန်မာ့ကော်ဖီစေ့များကို စက်တင်ဘာလ တတိယပတ်အတွင်း၌ စတင်ရောင်းချမည်ဟု သိရပါသည်။

ဂျပန်နှင့် အခြားပြည်ပနိုင်ငံများတွင် Muji ကုန်တိုက်များကို ဖွင့်လှစ်ဆောင်ရွက်နေသည့် Ryohin Keikaku Co., Ltd., သည် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်ရှိ Arabica ကော်ဖီစိုက်တောင်သူများနှင့် စုပေါင်းဖွဲ့စည်းထားသည့် The Green Gold Cooperative နှင့်အတူ အကျိုးတူပူးပေါင်းဆောင်ရွက်ကာ အရည်အသွေးမြင့် မြန်မာ့ကော်ဖီစေ့များကို စိုက်ပျိုးထုတ်လုပ်နေပါသည်။

လာမည့်စက်တင်ဘာလ ၂၃ ရက်နေ့မှစတင်ကာ "Myanmar Coffee Beans" ဟု အမည်တပ်ထားသည့် ကော်ဖီစေ့များကို ဂျပန်နိုင်ငံအတွင်းရှိ Muji ကုန်တိုက် ၃၉ ခုတွင်သာမက အင်တာနက်တွင်ပါ ကြော်ငြာရောင်းချသွားမည်ဖြစ်ကြောင်း သိရပါသည်။

The Green Gold Cooperative သည် ရှမ်းပြည်နယ်ရှိ ကော်ဖီစိုက်တောင်သူ ၉၀၀ ခန့်နှင့် စုဖွဲ့ထားသည့် ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းထားသည့် သမဝါယမအစုအဖွဲ့တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ တော်အစိုးရနှင့် United Nations Office on Drugs and Crime (UNODC) တို့၏ ကူညီပံ့ပိုးမှုဖြင့် ဒေသခံတောင်သူများကို မိရိုးဖလာဘိန်းစိုက်ပျိုးမှုနှင့် အသက်မွေးဝမ်းကျောင်းပြုနေမှုကို အဆုံးသတ်ပြီး အကျိုးရှိသည့် ဘိန်းအစားထိုးသီးနှံ ကော်ဖီစိုက်ပျိုးရေးကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

အဆိုပါသမဝါယမအစုအဖွဲ့သည် ယခင်ကဘိန်းစိုက်ပျိုးခဲ့သည့် စိုက်ခင်းများနေရာတွင် ရာသီအလိုက် အလှည့်ကျစိုက်ပျိုးကြသည့် ဘိန်းအစားထိုးသစ်သီးစိုက်ခင်းများ၏ ဘေးတလျှောက်တွင် Arabica ကော်ဖီမျိုးကို စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရပါသည်။ ပင်လယ်ရေမျက်နှာပြင်မှ မြေမျက်နှာသွင်ပြင်အမြင့် ၁၀၀၀ မီတာမှ ၁၈၀၀ မီတာအကြား ရှိသည့် ရှမ်းပြည်နယ်ရှိ မြင့်မားသည့် တောင်ကုန်းဒေသများ၏ ရာသီဥတုသည် အရည်အသွေးမြင့် ကော်ဖီနှင့်ဘယ်ရီသီးများ စိုက်ပျိုးထုတ်လုပ်ရန်အတွက် အထူးသင့်လျော်လှပါသည်။

ရှမ်းပြည်နယ်မှ ထွက်ရှိသည့်ကော်ဖီကို ဥရောပနိုင်ငံများသို့ အများဆုံးတင်ပို့နေပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအားလုံး၏ ၈၅ % ကို တင်ပို့နေပြီး ၂၀၁၈ ခုနှစ်မှစတင်၍ ၎င်းတို့ဝယ်လိုအား ကျဆင်းလာခဲ့ပါကြောင်း၊ ကျန်သည့် ၁၅ % ကို ပြည်တွင်းဈေးကွက်သို့ဖြန့်ဖြူးနေပါကြောင်း၊ ဂျပန်နိုင်ငံသည် ဒုတိယမြောက်ပို့ကုန်ဈေးကွက်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ကနဦးအစပျိုးကာစဖြစ်၍ ပမာဏမှာ မများပြားလှသော်လည်း ဂျပန်နိုင်ငံဈေးကွက်ကို ပိုမိုချဲ့ထွင်ကာ ရေရှည်လက်တွဲဆောင်ရွက်ရန် မျှော်လင့်ပါ ကြောင်းဟု The Green Gold Cooperative ၏ အထွေထွေမန်နေဂျာဖြစ်သူ ဦးစိုင်းဟန်မျိုးအောင်ကဆိုပါသည်။

လက်ရှိ၌ Ryohin Keikaku Co., Ltd., အနေဖြင့် မြန်မာ့ကော်ဖီကို ပမာဏအနည်းငယ်သာ ဝယ်ယူ နေသော်လည်း ၎င်းတို့အနေဖြင့် မြန်မာ့ကော်ဖီအရည်အသွေးကို လွန်စွာကျေနပ်သဘောကျကြောင်း သိရပါသည်။ အခြားသောကော်ဖီမျိုးများထက် မြန်မာ့ကော်ဖီစေ့က အရွယ်အစားသေးငယ်သော်လည်း အနံ့အရသာအဆင့်အတန်းမှာ အတူတူပင်ဖြစ်သည်ဟု ဆိုပါသည်။ Muji ကုန်တိုက်တွင် မြန်မာ့ကော်ဖီစေ့များကို ၂၀၀ ဂရမ်တစ်ထုပ်လျှင် ယန်း – ၉၉၀ နှုန်းဖြင့် ရောင်းချသွားမည်ဟု သိရပါသည်။

Ryohin Keikaku Co., Ltd., က ၎င်းတို့ မြန်မာနိုင်ငံသို့ သွားရောက်ပြီး ကော်ဖီစိုက်တောင်သူများနှင့် တွေ့ဆုံစဉ်က အရွယ်အစားသေးငယ်သည့် ကော်ဖီစေ့များသည် ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိဘဲ ဈေးနိမ့်နိမ့်ဖြင့် ပြည်တွင်း၌သာ ရောင်းချနိုင်သည်ဟု သိခဲ့ရပါကြောင်း၊ အဆိုပါတောင်သူများ၏ ကော်ဖီအမျိုးအစားမှာ အရသာကောင်းမွန်လှသော်လည်း ပြည်ပတင်ပို့ရာတွင် ကော်ဖီစေ့အရွယ်အစား ကြီးမားမှုကိုနှစ်သက်သည့် ဝယ်သူအကြိုက်နှင့်မကိုက်ညီဘဲ အခက်အခဲများရင်ဆိုင်နေရသည်ကို သိရှိခဲ့ရကြောင်းဆိုပါသည်။

ထို့သို့ ရှမ်းပြည်နယ်မှ ကော်ဖီစိုက်တောင်သူများ၏ အခက်အခဲများကို သဘောပေါက်နားလည်ပြီး Ryohin Keikaku Co., Ltd., က ၎င်းတို့၏ဝင်ငွေကိုမြှင့်တင်ရန်သာမက ဘိန်းသီးနှံစိုက်ပျိုးခြင်းမှ ကော်ဖီစိုက်ပျိုးခြင်းသို့ ပြောင်းလဲလုပ်ကိုင်နိုင်စေရန်အတွက် ပံ့ပိုးပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ The Green Gold Cooperative က ၂၀၁၉ ခုနှစ်တွင် ကော်ဖီတန်ချိန် ၁၀၀ ခန့် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း သိရပါသည်။

**Source: NNA Business News (Kyodo News Group)**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## STOCK EXCHANGE (29.9.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 29th Sep. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | -100 | -1.00% | 9,900 | 9,900 | 9,900 | 804 | 7,959,600 | 27,112,747 | 268,416 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,650 | 113 | 417,450 | 38,929,150 | 144,038 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,000 | 8,100 | 8,000 | 8 | 64,100 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 22,500 | 23,000 | 22,500 | 1,178 | 27,044,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,700 | 2,750 | 2,700 | 38 | 104,350 | 12,823,224 | 35,264 |
| EFR | 00006 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 14 | 42,000 | 19,977,223 | 59,932 |

### Market summary

As of 29th Sep. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 436.00 | -0.70 | -0.16% | 434.87 | 436.00 | 432.73 | 2,155 | 35,631,500 | 6 | 648,755 |

**Index chart**



## Market Overview

As of 11:30 am, 29th Sep. 2020

| MYANPIX | 433.57 ▼ 3.13 |
|---|---|
| Total Volume (shares) | 1,031 |
| Total Value (MMK) | 11 mil |
| Listed Company | 6 |
| Market Cap. (MMK) | 645,127 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▼ 100 |
| MTSH | 00002 | 3,650 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 3,000 | ▲ 0 |

TIR